ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃/၂၀၂၂)

အမှတ်စဉ် ၃/၂၀၂၂ https://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ မေလ (၁၆) ရက်။

အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနိုင်ရေး အတိုင်ပင်ခံအစည်းအဝေး၏ရလဒ်ကို အလွန်စိတ် ပျက်မိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကြေညာချက်ထုတ်ပြန်။

(၁) ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မှာ ပြုလုပ်ခဲ့သည့် အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အတိုင်ပင်ခံ အစည်းအဝေး၌ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ရလဒ်အပေါ် အမျိုးသားညီညွတ်ရေးအစိုးရ က အလွန်စိတ်ပျက် မိပြီး စိုးရိမ်ပူပန်မိကြောင်း မေ ၇ ရက်မှာ သတင်းထုတ်ပြန်လိုက်သည်။

အမျိုးသားညီညွတ်ရေးအစိုးရက အာဆီယံဥက္ကဋ္ဌနှင့် အာဆီယံ အထူးကိုယ်စား လှယ်အဖွဲ့ထံကို ရှေ့ ဆက်ဆောင်ရွက်မည့် နည်းလမ်းများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးရန်၊ အကြိမ်ကြိမ် ဆက်သွယ်ခဲ့ သော်လည်း ပြန်လည်ဆက်သွယ်မှုမရှိကြောင်း NUG ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ **(EROs)**/ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(**EAOs**)တို့နှင့် ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့သော မြန်မာနိုင်ငံ၏ အခြား အရေးပါသော သက်ဆိုင်သူများအား အတိုင်ပင်ခံ အစည်းအဝေး မှ တမင်ဖယ်ထုတ်ထားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားပါသည်။

လက်တွေ့ဖြစ်ပေါ်နေသည့် မြေပြင်အခြေအနေများနှင့် စစ်ကောင်စီအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ကင်းမဲ့လာခြင်းများက အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိရောက်စွာပေးပို့ခြင်းကို အဟန့်အတားဖြစ်စေတယ်လို့ လည်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

https://www.facebook.com/NUGmyanmar/posts/pfbid02AuPP2TXZaXxSQ5MiaKsBMXmiFxk7kz343KGGt5hr52LoqWtqXz5nZHDxzNv4cszWl

CDM တွင် ပါဝင်လျက်ရှိသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါ်င်က ဂုဏ်ပြုစကားပြောကြား

(၂) တစ်နှစ်တာကျော်လွန်သည့် ယခုအချိန်အထိ ကြံ့ကြံ့ခံကာ အခက်အခဲအမျိုးမျိုးကြားမှ CDM တွင် ပါဝင် လျက်ရှိသည့် ဝန်ထမ်းများအားလုံးကို အထူးပင်လေးစား ဂုဏ်ပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူး ခေါ်င်က မေလ ၁၀ ရက်မှာ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊လုပ်ငန်းများမှ CDM ဝန်ထမ်းများနှင့် တွေ့ဆုံပွဲမှာ ပြောကြားခဲ့သည်။

▷▷▷ စာမျက်နှာ ၂ သို့

အခက်အခဲအမျိုးမျိုးကြားမှ CDM တွင် ပါဝင်လျက်ရှိသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်က ဂုဏ်ပြုစကားပြောကြား။

(စာမျက်နှာ ၁ မှ အဆက်) CDM ဝန်ထမ်းထောက်ပံ့မှု အခြေအနေများ၊ တပိုင်တနိုင်စီးပွားရေးလုပ်ငန်းအတွက် ထောက်ပံ့ပေးမှုများ၊ တော်လှန်ရေးကာလအတွင်း သယံဇာတစီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ ဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး လုပ်ငန်းများ၊ လတ်တလော တော်လှန်ရေးဖြစ်ပေါ်တိုးတက်မှုများအကြောင်းကို ဆွေးနွေးပြောကြားခဲ့ကြပါသည်။

https://www.facebook.com/MONRECNUGMyanmar/posts/pfbid0NkeYnmtkm41iJBcyjjUCvrsqS5zayz1Nb7uxPvBpS7nTX5vfYucaqQvYaqysCeEDl

---

နွေဦးဆရာအတတ်သင်တက္ကသိုလ်၏ အဓိပတိအဖြစ် ဒေါက်တာသိန်းလွင်အား ခန့်အပ်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနကထုတ်ပြန်။

(၃) ၂၀၂၂ ခုနှစ် မေလ (၈) ရက်နေ့တွင် ကျင်းပခဲ့သော နွေဦးဆရာအတတ်သင်တက္ကသိုလ်ကောင်စီ (ယာယီ) အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါက်တာသိန်းလွင်အား နွေဦးဆရာအတတ်သင်တက္ကသိုလ်၏ အဓိပတိအဖြစ် ခန့်အပ်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ဖက်ဒရယ်ပညာရေးစနစ်ပေါ်ပေါက်လာစေရန်အတွက် စုပေါင်းခေါင်းဆောင်မှုမှတဆင့် မြန်မာနိုင်ငံပညာရေးကို ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး သက်ဆိုင်ရာကဏ္ဍအလိုက်တွင် လွတ်လပ်စွာစီမံခန့်ခွဲခွင့်ကို တိုက်တွန်းအားပေး အကောင်အထည်ဖော်လျှက်ရှိကြောင်း ဖော်ပြထားသည်။

https://www.facebook.com/moeNUGMyanmar/posts/pfbid02Yr1j9rNbPN7QaTKZY95oQT4D3WE9Mf48cr6sYVWGwENq7jPxuAtpdgiY1N61k1u4l

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်အမှတ်(၇/၂၀၂၂)
၂၀၂၂ ခုနှစ်၊ မေလ (၁၀) ရက်

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကြေညာခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ဖက်ဒရယ်ပညာရေးစနစ်ပေါ်ပေါက်လာစေရန်အတွက် စုပေါင်းခေါင်းဆောင်မှုမှတဆင့် မြန်မာနိုင်ငံပညာရေးကို ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက်တွင် လွတ်လပ်စွာစီမံခန့်ခွဲခွင့်ကို တိုက်တွန်းအားပေး အကောင်အထည်ဖော်လျက် ရှိပါသည်။

၂။ ၂၀၂၂ ခုနှစ် မေလ (၈) ရက်နေ့တွင် ကျင်းပခဲ့သော နွေဦးဆရာအတတ်သင်တက္ကသိုလ်ကောင်စီ (ယာယီ) အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါက်တာသိန်းလွင်အား နွေဦးဆရာအတတ်သင်တက္ကသိုလ်၏ အဓိပတိအဖြစ် ခန့်အပ်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

{ ၁ }

ဖက်ဒရယ်စာစောင်မှာ ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာနက ထုတ်ဝေသည့် စာစောင်ဖြစ်ပြီး NUG ၏ ပေါ်လစီ စာတမ်းမဟုတ်ကြောင်း ရှင်းလင်းချက်ထုတ်ပြန်။

(၄) ဖက်ဒရယ်စာစောင်မှာ ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာနမှ ထုတ်ဝေသည့် စာစောင်ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ၏ ပေါ်လစီစာတမ်းများကို ဖော်ပြခြင်းမဟုတ်ကြောင်း ဖက်ဒရယ်ပြည် ထောင်စုရေးရာ ဝန်ကြီးဌာနက ရှင်းလင်းချက် ထုတ်ပြန်ခဲ့သည်။

မေ ၁၀ ရက်စွဲနဲ့ ထုတ်ဝေခဲ့တဲ့ ဖက်ဒရယ်စာစောင် အမှတ် (၆) နှင့်ပတ်သက်ပြီး စာဖတ်သူများ၏ မှတ်ချက် ပေးတုံ့ ပြန်မှုများပြားနေသည့်အပေါ် စာစောင်မှာ ဝန်ကြီးဌာနက ထုတ်ဝေတာဖြစ်ပေမယ့် အမျိုးသား ညီညွတ်ရေး အစိုးရ၏ ပေါ်လစီစာတမ်း မဟုတ်ကြောင်း နှင့် ဖက်ဒရယ်ပညာပေး စာစောင် သာဖြစ်ကြောင်းကို လည်း စာစောင်ရဲ့ ရှေ့စာမျက်နှာမှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားကြောင်း ဖော်ပြထားသည်။

https://www.facebook.com/mofuanug/posts/pfbid0215K2XUNQr2ucFo15CMRtcngeN5t4EjjCjNWqiWZZvha7JD8n4Tn9RAYvsuapXcaBl

---



ပြည်သူ့ခုခံတော်လှန်စစ် သတင်း အချက်အလက်များ။

(၅) မေ ၁၂ တွင် စစ်ကောင်စီတပ်ဖွဲ့ဝင် ၉၇ ဦး သေဆုံး ပြီး ၁၄ ဦး ဒဏ်ရာရအောင် ခုခံတိုက်ခိုက်နိုင်ခဲ့ ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာနက ရက်တွင် ထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စု၏ ပြည်သူလူထု အပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီးတိုက်ခိုက် သတ် ဖြတ်နေ မှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသက်ရှင်သန်ရေး အတွက် မိမိကိုယ်ကိုယ်ကိုမိမိ ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲလျက် ရှိကြောင်း ဖော်ပြထားသည်။

https://www.facebook.com/mohaimyanmar/posts/pfbid09fy2kYfitn5bXskmqpwSFD9mGwYEskPeyPtvEwiahUYe2W2ydAavWqJQjNpCcLEbl

အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေး ဒုဝန်ကြီးတို့ မြန်မာ့အရေးနှင့် ပတ်သက်ပြီးဆွေးနွေး။

ဒေါ်ဇင်မာအောင်
(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသားညီညွတ်ရေးအစိုးရ) (ဝဲ) နှင့်

ဝင်ဒီရှားမန်း
(အမေရိကန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး) (ယာ)

(၆) အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ ရှားမန်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် အဖွဲ့တို့အကြား မြန်မာ့အရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ဝါရှင်တန်ဒီစီ၌ မေ ၁၃ ရက်က ပြုလုပ်ခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ ရှားမန်းက အကြမ်းဖက်စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်စွာဖြိုခွင်းမှုများကို ခံနေရသည့် မြန်မာပြည်သူများအတွက် အမေရိကန်ပြည် ထောင်စုက ခိုင်ခိုင်မာမာထောက် ခံအားပေးနေမည်ဖြစ်ကြောင်း အားလုံးပါဝင်နိုင်သည့်ဒီမိုကရေစီလမ်း ကြောင်းပေါ် ပြန်လည်ရောက်ရှိရေး ငြိမ်းချမ်းစွာ ဆောင်ရွက်နေသူများကို ဆက်လက်အားပေးထောက်ခံ သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြု ပြောကြားခဲ့သည်။

ထို့အပြင် မြန်မာအရေးကို အဖြေရှာရန်အတွက် အာဆီယံအပါအဝင် အခြားသော မိတ်ဖက်နိုင်ငံများနှင့် အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလေးထားပြောကြားခဲ့သည်။

https://www.facebook.com/mofaNUG/posts/pfbid02Ze6q15nngCjPPRujE2eQANSRCjhG7CqQDC78SjWi8zjk88UyVFWxcJ4gZch1TCPRl

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ချက်နိုင်ငံလွှတ်တော်အမတ်များတွေ့ဆုံ

(၇) အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း သည် ချက်နိုင်ငံလွှတ်တော်တွင် မြန်မာ့အရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မည့် ကော်မတီရေးရာအဖွဲ့ မှ လွှတ်တော် အမတ်များနှင့်တွေ့ဆုံခဲ့သည်။

"ချက်နိုင်ငံ ပါလီမန်တွင် အသစ်ဖွဲ့စည်းလိုက်သည့် မြန်မာမိတ်ဆွေများအဖွဲ့၏ အဖွဲ့ဝင် ပါလီမန်အမတ် Mr.Josph Flek နှင့် Mr. Hayata Josef Okanura တို့ကို ချက်ပါလီမန်၌ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ယူကရိန်းအရေး အလေးထားပေးသလို မြန်မာအရေးအတွက် သွေးမအေးပါဘူးဆိုသည့် ကတိစကားနှင့်အတူ ပါလီမန်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများကို နောက်နှစ်လအကြာမှာ မြင်လာရ တော့ မည်ဖြစ်ကြောင်းပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ရေးသားထားသည်။

တွေ့ဆုံပွဲတွင် ချက်နိုင်ငံ၏ နိုင်ငံခြားရေးရာကော်မတီအဖွဲ့ဝင်များ ၊ ကာကွယ်ရေးကော်မတီ ဒုတိယဥက္ကဌ အပါအဝင် ချက်နိုင်ငံလွှတ်တော်၏ ရေးရာကော်မတီဝင်များပါဝင်ကြသည်။

https://www.facebook.com/mohrmyanmar/posts/pfbid02Xk8KxEQqebF3hgzJbjerAkSNAqvKp889qRwRtBBTfXiwtQy5YxHPXe5jadCuz5fSl

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဆက်သွယ်မေးမြန်းမှုမှ ကောက်နှုတ်ချက်။

ဒေါက်တာ ဝင်းမြတ်အေး
(ပြည်ထောင်စုဝန်ကြီး၊ MOHADM, NUG Myanmar)

(၈) အကြမ်းဖက်စစ်တပ်ရဲ့ မတရားအာဏာသိမ်းပြီးနောက်ပိုင်းမှာ ပြည်သူအားလုံးက ဒုက္ခရောက်ကြတယ်။ အနိုပ်စက်ခံရတယ်။ တော်တော်များများက ဘေးအန္တရာယ်နဲ့ကြုံတွေ့ရတယ်။ ပြည်နယ်တွေရော တိုင်းတွေရော နေရာအသီးသီးမှာ ဒုက္ခတွေခံစားရတယ်။ နေရပ်စွန့်ခွာသူတွေ တစ်နေ့တစ်ခြား များများလာတယ်။ လတ်တလော နေရပ်စွန့်ခွာ တိမ်းရှောင်နေရတဲ့သူကတော့ ၅ သိန်း ၇ သောင်းကျော် ရှိပြီလို့ အခြေအမြစ်ရှိတဲ့ အဖွဲ့အစည်းတွေရဲ့သတင်းတွေအရ မှတ်သားထားတာရှိပါတယ်။ မီးရှို့ခံရတဲ့အိမ်က ဧပြီလအကုန်ထိကို ၁၁၄၁၇ အိမ်ဖြစ်သွားပြီ။ ဒီလောက်များပြားနဲ့ပမာဏ ရှိတဲ့လူတွေက လူသားချင်းစာနာမှုအကူညီကိုလိုနေမှာဖြစ်တယ်။ အဲဒီကိစ္စကို NUG အစိုးရအနေနဲ့ အမြဲတမ်းခေါင်းထဲထည့်ပြီးစဉ်းစားနေပါတယ်။

လူသားချင်းစာနာစိတ်ရှိတဲ့သူတွေရဲ့ လုပ်တဲ့အလုပ်ကို အနှောင့်အယှက်ပေးခြင်းကတော့ အကြီးမားဆုံးအခက် အခဲလို့ပြောလို့ရတယ်။ သူတို့က လူသားချင်းစာနာစိတ်မရှိကြဘူး။ ပြည်သူတွေကို ကိုယ်ချင်းစာစိတ်မရှိကြဘူး။ အဲဒီလိုလုပ်ရပ်တွေကြောင့် တချို့နေရာတွေမှာ ပေါ်ပေါ်တင်တင်လုပ်လို့မရဘူး။ မြေပြင်မှာဆောင်ရွက်ရသူတွေက လျှို့ဝှက်ဆောင်ရွက်ရတယ်။

အာဆီယံက လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို အကြမ်းဖက်စစ်တပ်ကနေတစ်ဆင့်ပေးမယ်ဆိုတာက စဉ်းစားလို့တောင်မရဘူး။ ဒုက္ခရောက်နေတဲ့ပြည်သူတွေရဲ့ တရားခံက စစ်အာဏာ ရှင်ပဲ။ စစ်တပ်ရဲ့အကြမ်းဖက်မှုပဲ။ အကြမ်းဖက်မှုကြောင့်ဖြစ်ပေါ်လာတဲ့သူတွေကို သူတို့ကနေတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီကိုပေးရမယ်ဆိုတဲ့ပုံစံကတော့ မဖြစ်အပ်တဲ့ကိစ္စဖြစ်တယ်။ စဉ်းတောင်မစဉ်းစားသင့်တဲ့အရာဖြစ်ပါတယ်။ "အကြမ်းဖက်စစ်တပ်အနေနဲ့ ပြည်သူကိုရန်သူလို့ သဘော ထားတယ်။ သူ့ရန်သူကိုစာနာထောက်ထားမှုအကူညီတွေပေးမယ်ဆိုတာ ယုံစရာမရှိဘူး။"

ပြည်သူတွေကိုထိထိရောက်ရောက်ကူညီဖို့ ပြည်သူကြားမှာ ပြည်သူနဲ့ပဲဆက်သွယ်လို့ရမယ်။ ပြည်သူကိုဗဟိုပြုတဲ့နည်းနဲ့ပဲချဉ်းကပ်မှရမယ်။စစ်ကောင်စီကိုဗဟိုပြုတဲ့နည်းနဲ့ချဉ်းကပ်ရင်တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ NUG ကထောက်ခံချက်ပေးနိုင်တဲ့ NUG နဲ့လက်တွဲဆောက်ရွက်နေတဲ့ အဖွဲ့တွေ ရှိပါ တယ်။ပြည်သူကိုထိထိရောက်ရောက်ကူညီနိုင်တဲ့ INGO အဖွဲ့တွေကို UN အဖွဲ့အစည်းတွေက ချိတ်ဆက်ဖို့လိုပါတယ်။ ဒီအဖွဲ့အစည်းတွေက ဘယ်သူတွေ ဘာလဲဆိုတာ UN အဖွဲ့အစည်းတွေ ကသိပါ တယ်။ ချိတ်ဆက်ဆောင်ရွက်လိုက်ရင် သူတို့ကတစ်ဆင့် လူမှုအဖွဲ့အစည်းတွေကတစ်ဆင့် ပြည်သူ တွေကြားကို ရောက်အောင်ဆောင်ရွက်လို့ရပါတယ်။

https://www.facebook.com/pvtvmyanmar/videos/1433603057067139/

အမျိုးသားညီညွတ်ရေးအစိုးရ၊ မဟာမိတ်ဆက်ဆံရေးကော်မတီ နှင့် ရက္ခိုင်ပြည်သူ့အစိုးရ၊ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်တို့အကြား တွေ့ဆုံမှု သတင်းထုတ်ပြန်ခြင်း။

(၉) အမျိုးသားညီညွတ်ရေး အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒေါ်ဇင်မာအောင်၊ ဦးမင်းကိုနိုင်တို့ဦးဆောင်သောအမျိုးသားညီညွတ်ရေးအစိုးရ၊ မဟာမိတ်ဆက်ဆံရေးကော်မတီနှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းမြတ်နိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာညို ထွန်းအောင်တို့ ဦးဆောင်သည့် ရက္ခိုင်ပြည်သူ့အစိုးရ တို့အကြားတွင် ယနေ့ မေလ ၁၆ ရက်နေ့ မနက်ပိုင်းတွင် ၂ နာရီကြာ အွန်လိုင်းမှတဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးမှုတွင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပျက်နေသော နိုင်ငံရေး အခြေအနေများ၊ တိုင်းပြည်၏ အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ နှစ်ဖက် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်အကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ ထိုအတူ အမျိုးသားညီညွတ်ရေးအစိုးရဖက်က လက်ရှိလုပ်ဆောင်လျက်ရှိသော အခြေအနေများ၊ အခင်းအကျင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆွေးနွေးခဲ့ကြပါသည်။